EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၁)၊ အမှတ်-၅ | လစဉ်သတင်းလွှာ | အောက်တိုဘာ ၉ ရက်၊ ၂၀၁၉

# မြန်မာနိုင်ငံတွင်းက Feminism အရေးကို ဘယ်လိုမြင်ကြလဲ



ဩဂုတ် ၂၉၊ ၂၀၁၉

ပြင်သစ်အတွေးအခေါ်ပညာရှင် "Charles Fourier" က ၁၈၃၇ ခုနှစ်တွင် မိတ်ဆက်ခဲ့သည့် Feminism (Féminisme) ဆိုသည့်စကားလုံးသည် တစ်ကမ္ဘာလုံးအနှံ့ ပျံ့နှံ့ခဲ့ပြီး Feminism နှင့်ပတ်သက်သည့် လှုပ်ရှားမှုများလည်း ပေါ်ပေါက်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း Feminism အရေးလှုပ်ရှားမှုများရှိပြီး Feminist အဖြစ် ခံယူသူများလည်းရှိကြသည်။ မြန်မာနိုင်ငံတွင်းက Feminism နှင့်ပတ် သက်သည့် အကြောင်းအရာများကို သုတေသနပြုလုပ်ထားသည့် "Feminism in Myanmar" စာအုပ်မိတ်ဆက်ပွဲကို ရန်ကုန်မြို့ ပြင်သစ်ယဉ်ကျေးမှုဌာနတွင် ဩဂုတ်လ(၂၃) ရက်နေ့က ပြုလုပ်ခဲ့သည်။ ယင်းစာအုပ်ကို Friedrich Ebert Stiftung (FES) ၏ ကူညီထောက်ပံ့မှုဖြင့် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က လေ့လာခဲ့ခြင်းဖြစ်သည်။

စာအုပ်မိတ်ဆက်ပွဲတွင် Feminism နှင့်ပတ်သက်၍ နားလည်သဘောပေါက်မှုနှင့် မျက်မှောက်ကာလအခြေအနေများကို ဆွေးနွေးခဲ့ပြီး မတူညီသည့်နယ်ပယ်မှ ဆွေးနွေးသူများ ပါဝင်ခဲ့သည်။ ယင်းဆွေးနွေးပွဲမှာ ပါဝင်သူများ၏ Feminism နှင့်ပတ်သက်သည့် ဆွေးနွေးချက်များကို ကောက်နုတ်ဖော်ပြပါသည်။



**ဒေါက်တာအေးနွယ်**
တွဲဖက်ပါမောက္ခ
Myanmar Institute of Theology

## ခရစ်ယာန်အသိုင်းအဝိုင်းမှာ Feminism ရှုထောင့်ကို နားလည်လာဖို့ သင်ကြားပေးတယ်

ကျွန်မက Feminism Theology လို့ခေါ်တဲ့ Feminism အမြင်နဲ့ ခရစ်ယာန်တွေရဲ့ ဘာသာရေးကို လေ့လာခြင်းဆိုတဲ့ဘာသာရပ်ကို မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ်မှာ သင်ကြားတဲ့ ဆရာမဖြစ်တယ်။ ကျွန်မတို့ ခရစ်ယာန်အသိုင်းအဝိုင်းမှာ အမျိုးသမီးတွေရဲ့ ဦးဆောင်မှုက အင်မတန်အားနည်းခဲ့ပါတယ်။ ဥပမာ- ကျွန်မတို့ရဲ့ဓမ္မတက္ကသိုလ်ကို တက်ပြီဆိုရင် အများအားဖြင့် အသင်းတော်မှာ ပြန်ပြီးအလုပ်လုပ်ရတယ်။ အလုပ်လုပ်တဲ့အခါ အမျိုးသမီးနဲ့ အမျိုးသားက တန်းတူညီမျှမှု မရှိဘူး။ အမျိုးသားတွေက အသင်းတော်ကိုပြန်ရောက်တဲ့အခါ သင်းအုပ်ဆရာတွေဖြစ်ပြီး အမျိုးသမီးတွေက ခရစ်ယာန်ပညာရေးတို့၊ women department တို့လို နေရာတွေမှာ လုပ်ရတဲ့အခါမှာ အမျိုးသမီးတွေရဲ့အဆင့်နဲ့ အမျိုးသားတွေရဲ့အဆင့်က အင်မတန်ကွာခြားတယ်ဆိုတာ တွေ့ရတယ်။ နောက် ကျွန်မတို့ ခရစ်ယာန်အသိုင်းအဝိုင်းရဲ့ ခေါင်းဆောင်မှုပိုင်းကို ကြည့်တဲ့အခါမှာလည်း အမျိုးသားတွေပဲဖြစ်ပြီး အမျိုးသမီးခေါင်းဆောင်ဆိုတာ အင်မတန်နည်းပါးတယ်။ ကျွန်မ Feminism ကို သင်လာတဲ့အခါ အမျိုးသမီးတွေရဲ့ဘဝ၊ ရုန်းကန်မှုတွေကို တွေ့ရတဲ့အခါ ဒါကိုသင်ဖို့ ကျွန်မအနေနဲ့ ပိုပြီးခိုင်မာလာတယ်။ ဒါ့ကြောင့် ခရစ်ယာန်အသိုင်းအဝိုင်းမှာ Feminism ရဲ့ရှုထောင့်ကို နားလည်သဘောပေါက်အောင် လုပ်ပေးတဲ့သူတစ်ယောက်ဖြစ်လို့ Feminist တစ်ယောက်အနေနဲ့ ကိုယ့်ကိုယ်ကို သတ်မှတ်ဖို့က ကျွန်မအတွက် ရင်းနှီးပြီးသားဖြစ်ပါတယ်။

## မြန်မာပြည်မှာ Feminism နဲ့ပတ်သက်ရင် တော်တော်ရုန်းကန်ရတဲ့အရာဖြစ်တယ်

Feminism ဆိုတဲ့စကားလုံးက အနောက်နိုင်ငံက စကားလုံးဖြစ်တဲ့အတွက်ကြောင့် မြန်မာပြည်မှာ Feminism ကို မိတ်ဆက်တဲ့အခါမှာ ပြဿနာတွေလည်း အများကြီးရှိပါတယ်။ တချို့နားလည်တဲ့သူတွေကတော့ ဘာမှပြဿနာမရှိဘူး။ သိပ်မသိတဲ့သူတွေအတွက်ကျတော့ Feminism ဆိုတာက အနောက်ဘက်ကလာတဲ့အယူအဆဆိုပြီး Feminism ကို ငြင်းပယ်တာတွေ အများကြီးရှိတယ်။ Feminism ကို ငြင်းပယ်သလိုပဲ Feminist တွေကို ငြင်းပယ်တာတွေ အများကြီးရှိတယ်။ Feminism ဆိုတဲ့စကားလုံးရောက်လာမှ အမျိုးသမီးတွေရဲ့ကြိုးစားမှု၊ အားထုတ်မှု စသလားဆိုတော့ မဟုတ်ဘူး။ Feminism ဆိုတဲ့စကားလုံးရောက်မလာခင်တည်းက အမျိုးသမီးတွေက သူတို့ရဲ့တန်ဖိုး၊ ဂုဏ်သိက္ခာအတွက် အမျိုးမျိုးကြိုးစားပြီးတော့ သမိုင်းမှာ ရုန်းကန်ခဲ့တယ်။ ဒီစကားလုံးမရှိခင်တည်းက အမျိုးသမီးတွေရဲ့ အခွင့်အရေးအတွက်၊ အမျိုးသမီးတွေရဲ့ လွတ်မြောက်ခြင်းအတွက် အမျိုးသမီးလှုပ်ရှားမှုတွေ အများကြီးရှိတယ် ဆိုတာတွေ့ရတယ်။ ဒါပေမယ့် Feminism ရောက်လာတဲ့အခါမှာ အမျိုးသမီးတွေရဲ့ လှုပ်ရှားမှုကို ကမ္ဘာမှာပိုပြီးသိလာစေတယ်။ ကျွန်မတို့က Feminism နဲ့ပတ်သက်ပြီး လေ့လာတဲ့အခါမှာ Feminism ကို ဘယ်လိုနားလည်သလဲ၊ နားလည်မှုက မတူကြဘူး။ ဘယ်လိုနားလည်လဲဆိုတဲ့အပေါ် မှာ အရေးကြီးတယ်ဆိုတာ တွေ့ရတယ်။



**ဆလိုင်း အောင်လိန်း**
ပရိုဂရမ်ဒါရိုက်တာ
Gender and Development Institute

## Feminism လို့ ပြောတဲ့အခါ ပြင်လို့ရတဲ့ institutions ရှိသလို ပြင်ဖို့ခက်ခဲတာတွေလည်း ရှိတယ်

ကျွန်တော့်ကို Feminist လို့ ခံယူလားလို့မေးရင် ဟုတ်တယ်လည်းပြောလို့ရတယ်၊ မဟုတ်ဘူး လည်းပြောလို့ရတယ်။ မေးတဲ့သူအပေါ် ကြည့်ပြီး ဟုတ်တယ်၊ မဟုတ်ဘူး ကျွန်တော်ဖြေမယ်ထင်တယ်။ Feminism လို့ပြောတဲ့အခါ ဘာသာရေးကျမ်း (Religious Texts) တွေကို ပြောင်းလဲဖို့ဆိုရင်တော့ ဥပမာအားဖြင့် ကျွန်တော်တို့ခရစ်ယာန် ဘာသာမှာ နည်းနည်းအစွန်းရောက်တဲ့အမြင်တွေရှိတယ်လို့မြင်တယ်။ ဥပမာ- သမ္မာကျမ်းစာမှာ ဘုရားသခင်ကိုနာမ်စားသုံးတဲ့အခါ "He" ဆိုတဲ့ အမျိုးသားဂျန်ဒါကို သုံးထားတယ်။ အဲ့ဒါကို "She" လို့ပြောင်းဖို့ ဘာသာရေးကျမ်းစာတွေကို ပြောင်းလဲဖို့ထိ ချဉ်းကပ်တဲ့ ချဉ်းကပ်မှုတွေရှိတယ်။ အဲဒီလိုပြောင်းလဲမှုတွေက Feminism ဆိုရင် ကျွန်တော် Feminist မဟုတ်ဘူး။ လူမှုပတ်ဝန်းကျင်ထဲမှာ အမျိုးသမီးဖြစ်နေတဲ့အတွက်ကြောင့် အနှိမ်ခံနေရတာတွေ၊ လိင်ပိုင်းဆိုင်ရာ စော်ကားခံနေရတာတွေ ဒါတွေကို ဆန့်ကျင်တဲ့ အလုပ်လုပ်မယ်ဆိုရင် ဒီဆန့်ကျင်တဲ့အလုပ်က Feminism ဆိုရင် ကျွန်တော့်ကိုယ် ကျွန်တော် Feminist တစ်ယောက်လို့ ခံယူတယ်။ ကျွန်တော်တို့က အင်စတီကျူးရှင်းများကို ပြုပြင်ပြောင်းလဲဖို့ ကြိုးစားတဲ့အခါမှာ အရင်ဆုံးပြင်လို့ရတဲ့ အင်စတီကျူးရှင်းကို သွားမစဉ်းစားပဲနဲ့ ပြင်လို့မရတဲ့ အင်စတီကျူးရှင်းကို ပြင်ဖို့အခက်ခဲ

ဤလစဉ်သတင်းလွှာကို အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) ၏ ကူညီထောက်ပံ့မှုဖြင့် ထုတ်ဝေပါသည်။ သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

ဆုံးအင်စတီကျူးရှင်းကို သွားနေကြတဲ့ လှုပ်ရှားမှုက Feminism ဆိုရင်တော့ ကျွန်တော်ကြောက်တယ်လို့ ပြောချင်တယ်။

## လက်တွေ့နဲ့အမြင်သဘောထားက ရှေ့နောက်ညီညွတ်လား

နောက်တစ်ခုက လက်တွေ့နဲ့ အမြင်သဘောထားပေါ့နော်။ ကျွန်တော့်ကိုယ်ကျွန်တော်အမြဲမေးတဲ့မေးခွန်းရှိတယ်။ ဥပမာအားဖြင့် ကျွန်တော်က ကျား-မတန်းတူညီမျှရေးကို အရမ်း သဘောကျတယ်။ ဒါပေမယ့် လက်တွေ့မှာ ကျွန်တော် ကျား-မ တန်းတူညီမျှရေးကို ကျင့်သုံးနေလားဆိုတဲ့ မေးခွန်း မေးတယ်။ သဘောတရားအရ သဘောပေါက်တဲ့ဟာနဲ့ လက်တွေ့လုပ်ဆောင်တဲ့အခါမှာရော ရှေ့နောက်ညီညွတ်လား ဆိုတဲ့မေးခွန်းက အမြဲတမ်းရှိပါတယ်။

## အမျိုးသားတွေက Feminism ကို ဘယ်လိုမြင်လဲ

အမျိုးသားတွေက ကျား-မတန်းတူညီမျှရေးကိစ္စကို ဘယ်လိုမြင်သလဲ၊ ၃၀ ရာခိုင်နှုန်းကိစ္စ (အမျိုးသမီးပါဝင်မှု) တွေကို ဘယ်လိုမြင်သလဲဆိုတာ ကျွန်တော်တို့ သုတေသန လုပ်ပါတယ်။ သုတေသနရဲ့ရည်ရွယ်ချက်က အမျိုးသားတွေ က ဂျဲန်ဒါကို ဘယ်လိုသဘောပေါက်လဲ၊ Feminism ကို ဘယ်လိုသဘောပေါက်လဲဆိုတာ သိခြင်းအားဖြင့် အမျိုးသား တွေရဲ့ အမြင်သဘောထားကို ဘယ်လိုပြောင်းမလဲဆိုတာ စဉ်းစားဖို့အတွက် လုပ်တာပါ။ လုပ်တဲ့အခါ ဘာသွားတွေ့ရ လဲဆိုတော့ အမျိုးသားတွေက ကိုယ့်ကိုယ်ကို အမျိုးသားဖြစ် တာ ဂုဏ်ယူကြတယ်။ နောက်တစ်ခုက အမျိုးသား၊ အမျိုး သမီးကြားထဲမှာ တန်းတူမှုမရှိဘူးဆိုတာ သူတို့သိထားတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ချဉ်းကပ်ပုံက သူတို့ပြောပုံအရ ပေါ့နော် ခုဂျဲန်ဒါ၊ Feminism လို့ပြောနေတဲ့ ရည်ရွယ်ချက် ကိုက criminalize လုပ်တာတဲ့။ ယောကျ်ားဆိုရင် ခြေသလုံး မတော်တဆ ထိမိတာကိုတောင် အန္တရာယ်ကောင်လိုမျိုး မြင်တယ်တဲ့။ နောက် တစ်ခုက ဂျဲန်ဒါဖြစ်ဖြစ်၊ လိင်ပိုင်းဆိုင် ရာအကြမ်းဖက်မှုဖြစ်ဖြစ် လှုပ်ရှားမှုတော်တော်များများက အမျိုးသားတွေကိုခေါ်လာပြီး အမျိုးသမီးတွေ အနှိမ်ခံရတဲ့ အကြောင်း၊ ခွဲခြားဆက်ဆံခံရတဲ့အကြောင်း၊ အမျိုးသမီးတွေ က ဘယ်လိုဒုက္ခရောက်တဲ့အကြောင်း ပြောတာများလာတဲ့ အခါမှာ သူတို့က အဲ့ဒီလှုပ်ရှားမှုကို အမျိုးသားမကောင်း ကြောင်းပြောတဲ့ လှုပ်ရှားမှုတစ်ခုလို့မြင်သွားကြတာ တော် တော်လေးများပါတယ်။ အမျိုးသားတွေ အဲဒီလိုကြုံတွေ့ရ တယ်ဆိုတာကိုကျား-မတန်းတူညီမျှရေးလုပ်တဲ့သူတွေ၊ Feminism အရေးလုပ်တဲ့သူတွေအနေနဲ့ ထောက်ပြဖို့လိုတယ်လို့ ပြောပါ တယ်။ သူတို့ထဲမှာ တချို့ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခံရတဲ့ အမျိုးသားတွေရှိတယ်။ အဲဒီလိုမျိုး အမျိုးသမီးချည်းပဲ မဟုတ် ဘဲ အမျိုးသားတွေလည်း ကြုံတွေ့နေရတယ်ဆိုတာ မြန်မာ့ လူမှုအသိုင်းအဝိုင်းမှာ ရှိနေတယ်ဆိုတာကို ပူးတွဲပြီးထုတ်ပြဖို့ လိုတယ်တဲ့။



**ခြူးဝေငြိမ်း**
ပန်းချီဆရာမ

## ထမီစတွေပေါ်မှာ အမျိုးသမီးပန်းချီပုံတွေ ဆွဲဖြစ်တယ်

ကျွန်မပန်းချီဆွဲတော့ အမျိုးသားတွေက အမျိုးသမီးပန်းချီပုံတွေ ဆွဲတာ များတော့ ငါဆွဲရင်တော့ သူတို့လိုမဆွဲတော့ဘူးပေါ့။ ကိုယ်က အမျိုးသမီး ဖြစ်လို့ အမျိုးသမီးပုံတွေကိုဆွဲရင် အမျိုးသမီးတွေဖြစ်တဲ့အကြောင်းကို ပိုပြောနိုင်မယ်။ အဲဒီတော့ ဘယ်လိုဆွဲမလဲပေါ့။ ထမီလေးနဲ့ သနပ်ခါးလေးနဲ့ ဆွဲရင် အဲဒီပန်းချီကား အရမ်းရောင်းရတယ်။ ဒါပေမယ့် ကျွန်မ အဲ့ဒီနောက် ကို မလိုက်ချင်ဘူး။ အဲဒီတော့ အမျိုးသမီးပုံကိုပဲ ခွန်အားရှိပြီး သန်မာတဲ့ပုံ တွေဆွဲတယ်။ များသောအားဖြင့် ကျွန်မထမီစတွေပေါ်မှာ ဆွဲတယ်။ ဘာလို့ လဲဆိုတော့ အဝတ်လျှော်ပြီးလှန်းရင် အမျိုးသားအင်္ကျီ၊ ပုဆိုးဆိုရင် အမြဲ အပေါ်မှာထားရတယ်။ အမျိုးသမီးထမီဆိုရင် အောက်မှာထားရလေ့ရှိ တယ်။ ထမီပေါ်မှာ အမျိုးသမီးပုံတွေ ပန်းချီဆွဲလိုက်တဲ့အခါ ဘာပဲဖြစ်ဖြစ် ထမီရဲ့အဆင့်လည်း တက်လာတယ်။ အဲ့ကနေစပြီး ထမီစတွေပေါ်မှာ အမျိုးသမီးပုံတွေ ဆွဲတယ်။ ဆွဲတဲ့အခါမှာလည်း အမျိုးသားတွေ ပုံဖော်ပြီး စိတ်ကူးယဉ်ထားတဲ့ အမျိုးသမီးပုံတွေမဟုတ်ဘဲ ယုံကြည်မှုရှိတယ်၊ ပိုပြီး လွတ်လပ်တယ်၊ ကျွန်မပန်းချီကားတွေကြည့်ရင် မြင်နေကျပုံစံ ဟုတ်ချင်မှ ဟုတ်မယ်၊ နည်းနည်းပွင့်လင်းတာမျိုးရှိမယ်၊ ဒါပေမယ့် ခိုင်မာတဲ့ အမျိုးသမီး အကြောင်းကိုပြနိုင်တယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့ အမျိုးသမီးတွေကို ပြနိုင်တယ်။ အဓိကတော့ ကျွန်မပန်းချီကားတွေထဲမှာ တွေးရမယ့်အချက် လေးတွေ၊ တစ်ခါတလေ စသလိုနောက်သလိုလေးတွေ၊ ပြီးတော့ အမျိုးသမီး တွေ ပိုပြီးခိုင်မာတဲ့သဘောလေးတွေ စဉ်းစားပြီး ရေးဆွဲထားပါတယ်။

## Feminism ဆိုတာ သူ့တန်ဖိုး၊ ကိုယ့်တန်ဖိုးကိုသိပြီး အလေးထား တာခြင်းတူအောင် ကြိုးစားတာလို့ ယုံကြည်တယ်

တော်တော်များများက Feminism လို့ပြောရင် အမျိုးသားနဲ့အမျိုးသမီး တန်းတူဖြစ်ဖို့ ကြိုးစားတာပေါ့နော်။ အဲဒီဟာကို ထောက်ခံတဲ့သူပဲဖြစ်ဖြစ်၊ ပါဝင်လှုပ်ရှားတဲ့သူပဲဖြစ်ဖြစ် Feminist လို့ ပြောလို့ရတာပေါ့နော်။ ဒါပေ မယ့် တစ်ခုသွားတွေ့တာကလေ Feminism လို့ပြောရင် အမျိုးသမီးက အမျိုးသားနဲ့တူအောင် သွားလို့ရလားလို့ ထင်တာမျိုး၊ တစ်ခါတလေ ဖြစ် တတ်တယ်။ အမျိုးသမီးက အမျိုးသားနဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံခြင်း လုံးဝမတူ ဘူး၊ သူ့အားသာချက်ရှိသလို ကိုယ့်အားသာချက်လည်း ရှိတယ်၊ တကယ် တော့ တစ်ခါတလေ တန်းတူအခွင့်အရေးဆိုရင် ကိုယ့်ရဲ့တန်ဖိုးကြီးကိုမေ့ပြီး ကိုယ်နဲ့မတူတဲ့ တခြားသူတစ်ယောက်လို ဖြစ်ခိုင်းလိုက်ရတာ မဟုတ်ဘူး။ ကိုယ့်ရဲ့တန်ဖိုးကိုလည်းသိ၊ သူ့ရဲ့တန်ဖိုးကိုလည်း သိပြီးတော့မှ အလေးထား တာခြင်း တူအောင်၊ နေရာရတာချင်းတူအောင် ကြိုးစားတာလို့ ယုံကြည်တယ်။




ဓာတ်ပုံ-စည်သူ

# ကျား-မတန်းတူရေး ပြည်သူအားလုံး ဝိုင်းဝန်းလုပ်ဆောင်ဖို့လို

**ဩဂုတ်-၃၀၊ ၂၀၁၉**

ကျား-မတန်းတူညီမျှရေးဆောင်ရွက်ရာတွင် အစိုးရတစ်ခုတည်းမပြီးဘဲ ပြည်သူအားလုံး ဝိုင်းဝန်းလုပ်ဆောင်ဖို့ လိုအပ်သည်ဟု ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က ဆိုသည်။

သူက "အမျိုးသား-အမျိုးသမီး တန်းတူညီမျှရေး ဂျဲန်ဒါဆိုတဲ့အသိနဲ့ တိုင်းကျိုးပြည်ကျိုးကို ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်မတို့တိုင်းပြည်ရဲ့ လူသားတွေအတွက် ဖွံ့ဖြိုးတိုးတက်မှုပါ။ အစိုးရဌာန တစ်ခုတည်းနဲ့ အားလုံးမပြီးပါဘူး။ ပေါ်လစီတွေချမှတ်ပြီး ပြည်သူအားလုံး ဝိုင်းဝန်းလုပ်ဆောင်မှသာလျှင် ကျွန်မတို့ရဲ့တိုင်းပြည်အတွက် အများကြီးအကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်" ဟုဆိုသည်။

ဩဂုတ်လ ၂၇ ရက်နေ့က ရန်ကုန်မြို့ Summit Parkview ဟိုတယ်တွင် ပြုလုပ်ခဲ့သည့် အမျိုးသမီးအဖွဲ့များကွန်ယက်-မြန်မာ (WON)၏ (၁၁)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းအခမ်းအနားကို တက်ရောက်ခဲ့သူ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး၏ ဇနီးဖြစ်သူ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးများလျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာမြသီတာကလည်း အမျိုးသမီးအဖွဲ့များ သိုက်သိုက်ဝန်းဝန်းနှင့် ပူးပေါင်းလုပ်ဆောင်မည်ဆိုရင် အမျိုးသမီးများအတွက် အတိုင်းအဆမရှိကောင်းမွန်မည်ဖြစ်ကြောင်း ဆိုသည်။

ဒေါက်တာမြသီတာက "ကျွန်မတို့မြန်မာနိုင်ငံမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍတွေ နိမ့်ကျခဲ့တယ်၊ တန်းတူညီမျှမှုမရှိခဲ့ဘူး။ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရကို ဒီလိုမျိုးရှိခဲ့တယ်။ မွေးကင်းစကနေ သက်ကြီးရွယ်အိုကာလထိ အမျိုးသမီးတွေအတွက် လုပ်စရာတွေ အများကြီးရှိပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာ အမျိုးသမီးအဖွဲ့တွေ အများကြီးရှိပါတယ်။ ကိုယ်နိုင်သလောက်အားနဲ့ လုပ်ဆောင်နေကြတာမျိုးရှိတယ်။ ကျွန်မတို့အားလုံး သိုက်သိုက်ဝန်းဝန်းနဲ့ ပူးပေါင်းလုပ်ဆောင်လိုက်မယ်ဆိုရင် ကျွန်မတို့မြန်မာနိုင်ငံက အမျိုးသမီးတွေအတွက် အတိုင်းအဆမရှိ အရမ်းကိုကောင်းတဲ့ဟာ ဖြစ်ပါမယ်။ အခု WON ရဲ့အောင်မြင်မှုကလည်း စုပေါင်းအားနဲ့ပေါ့" ဟုဆိုသည်။

WON အဖွဲ့ကို ၂၀၀၈ ခုနှစ် နာဂစ်အပြီးတွင် အရေးပေါ်ကူညီမှုပေးနေသော ပြည်တွင်း အမျိုးသမီးအဖွဲ့များလက်တွဲပြီး သတင်းအချက်အလက်များဖလှယ်၍ ပူးပေါင်းလုပ်ဆောင်ရန် အမျိုးသမီးအဖွဲ့ (၉) ဖွဲ့နှင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယခု ၂၀၁၉ ခုနှစ်တွင် အဖွဲ့ဝင်ပေါင်း ၃၇ ဖွဲ့ရှိပြီး အမျိုးသမီးထုတစ်ရပ်လုံး တန်းတူညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

**ရွှေလေး**

# ကျား-မရေးရာ တန်းတူညီမျှရေးကွန်ရက်က လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှု တားဆီးကာကွယ်ရေးဆိုင်ရာ မူဝါဒမိတ်ဆက်


ဓာတ်ပုံ-စည်သူ

**ဩဂုတ်-၂၈၊ ၂၀၁၉**

ကျား-မရေးရာ တန်းတူညီမျှရေးကွန်ရက်(Gender Equality Network)က လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှုတားဆီးကာကွယ်ရေးဆိုင်ရာ မူဝါဒ (Prevention of Sexual Harassment, Exploitation and Abuse Policy-PSHEA Policy)ကို ဩဂုတ်လ(၂၁)ရက်နေ့ က မိတ်ဆက်ခဲ့သည်။

၎င်းမူဝါဒသည် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊ အမြတ်ထုတ်မှု၊ အလွဲသုံးစားမှုများ လျော့နည်းပပျောက်အောင် တားဆီးကာကွယ်နိုင်ရန်ဖြစ်သည်ဟု ကျား-မရေးရာ တန်းတူညီမျှရေးကွန်ရက်က သတင်းထုတ်ပြန်ထားသည်။ ယင်းကိစ္စများဖြစ်ပေါ်လာပါက ဖြေရှင်းနိုင်မည့်လုပ်ထုံးလုပ်နည်းများကို GEN တွင်တာဝန်ထမ်းဆောင်နေသူများ၊ GENနှင့် ပူးပေါင်းလုပ်ကိုင်နေသည့် မိတ်ဖက်အဖွဲ့အစည်းများ အသုံးပြုနိုင်ရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်ဟု သိရသည်။

လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု၊ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှုတို့ ဖြစ်ပေါ်လာသည့်အခါ တိုင်ကြားနိုင်သလို တိုင်ကြားမှုအပေါ် တုံ့ပြန်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း ဖော်ပြထားသည်။ ထိုသို့ တစ်စုံတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခုက ကျူးလွန်ချိုးဖောက်မှုများရှိလာပါက မူဝါဒတွင်ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးအရေးယူသွား မည်ဖြစ်ပြီး လိုအပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူနိုင်ရန် ပံ့ပိုးကူညီသွားမည်ဟု GEN က သတင်းထုတ်ပြန်ထားသည်။

တန်းတူညီမျှမှုရရှိပြီး ပျော်ရွှင်သော၊ ကုန်ထုတ်လုပ်မှုအားကောင်းသည့် လုပ်ငန်းခွင်များဖြစ်စေရန် လုပ်ငန်းခွင်များတွင် ယင်းမူဝါဒမျိုး ရေးဆွဲထားသင့်ကြောင်း ကျား-မရေးရာ တန်းတူညီမျှရေးကွန်ရက်က အကြံပြုတိုက်တွန်းထားသည်။ အဖွဲ့အစည်း၊ အသင်းအဖွဲ့များအနေနှင့် ၎င်းမူဝါဒကို အသုံးပြုလိုပါက ကျား-မရေးရာ တန်းတူညီမျှရေးကွန်ရက်ထံ အသုံးပြုခွင့်တောင်းခံပြီး အသုံးပြုနိုင်သည်ဟု သိရသည်။

**ရွှေလေး**



ဓာတ်ပုံ-https://time.com

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"သင်က တန်းတူညီမျှရေးအတွက် ရပ်တည်တယ်ဆိုရင် သင်ဟာ Feminist တစ်ယောက်ပါပဲ"

------ Emma Watson (Actress)

# လုံခြုံရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေး တိုက်တွန်း

**စက်တင်ဘာ ၂၂၊ ၂၀၁၉**





အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (Women's League of Burma- WLB) က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် လုံခြုံရေးနှင့်ငြိမ်းချမ်းရေး တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေးကိုလည်း အချက်တစ်ခုအနေနှင့် တိုက်တွန်းခဲ့သည်။

ငြိမ်းချမ်းရေးအတွက် အမျိုသမီးများဖိုရမ် (၂၀၁၉) ကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)က စက်တင်ဘာလ ၂၀ နှင့် ၂၁ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး "ငြိမ်းချမ်းရေးအတွက် အတူတကွ၊ အားလုံးအတွက် လုံခြုံရေး"ဆိုသည့် ခေါင်းစဉ်အောက်တွင် ဆွေးနွေးခဲ့ကြသည်။ ယင်းအခမ်းအနားတွင် ပြည်တွင်းစစ်ရပ်စဲရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအပါအဝင် အကြမ်းဖက်မှုများ အားလုံးရပ်တန့်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် တရားမျှတမှုဖော်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေး တိုက်တွန်းနိုးဆော်ခဲ့ကြသည်။

အနာဂတ်မြန်မာနိုင်ငံတွင် အမျိုးသမီးလှုပ်ရှားမှု ပိုမိုကျယ်ပြန့်လာပြီး ရေရှည်တည်တံ့ ခိုင်မြဲသည့်ငြိမ်းချမ်းရေး တည်ဆောက်နိုင်စေရန်၊ အလွှာပေါင်းစုံရှိ အမျိုးသမီးထုများ၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြီး အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဆင့် စီမံချက်ရေးဆွဲရာတွင် အကြံပြုချက်များ ဖော်ထုတ်နိုင်ရန်၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကျင်းပခြင်းဖြင့် ပြည်တွင်းစစ်ရပ်တန့်ရေးနှင့် လူသားလုံခြုံရေးကိုဖော်ဆောင်သည့် အသံများကို ဖော်ထုတ်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)က သတင်းထုတ်ပြန်ခဲ့သည်။

ယင်းအခမ်းအနားတွင် နီပေါနိုင်ငံ၏ "အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဆင့်စီမံချက်" အတွေ့အကြုံနှင့် ပါဝင်သည့် အဓိကအကြောင်းအရာများကို ရှင်းလင်းပြီး မြန်မာနိုင်ငံ၏ "အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော် အဆင့်စီမံချက်" ရေးဆွဲရာတွင် ပါဝင်သင့်သည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)ကို မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို တိုးမြှင့်ရန် ရည်ရွယ်ပြီး ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် အခြေစိုက်သည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်းများဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် အဖွဲ့ဝင် အဖွဲ့အစည်းပေါင်း (၁၃) ဖွဲ့ ရှိပြီဖြစ်ကြောင်း သိရသည်။

**ရွှေလေး**